ဥပမာအားဖြင့် **ရွှေပြည်တော် မျှော်တိုင်းဝေး** ဝတ္ထုကြီး၏ နောက်ခံဖြစ်သော အိန္ဒိယ တပ်တွင်း ပုန်ကန်မှုကြီးသည် အမှန် ဖြစ်သည်။ အင်္ဂလိပ်အာဖဂန် ဒုတိယ စစ်ပွဲသည် အမှန် ဖြစ်သည်။ အရှေ့အိန္ဒိယ ကုမ္ပဏီ၏ လုပ်ရပ်များသည် အမှန် ဖြစ်သည်။ ကဗူးလ် အရေးအခင်းသည် အမှန်ပင် ဖြစ်သည်။ ဗိုလ်မှူး ကာဗက်နာရီ ကျဆုံးသည့် ကိစ္စသည် အမှန် ဖြစ်သည်။ အာဖဂန် ပေါလစီနှင့် ပတ်သက်၍ ဗြိတိသျှ အုပ်စိုးသူ အသိုင်းအဝိုင်းတွင်သဘော ကွဲလွဲနေချက်များသည် အမှန် ဖြစ်သည်။

သို့ရာတွင် အက်ရှ်၏ ဇာတ်လမ်းသည် စိတ်ကူး ဖြစ်သည်။ ဇူလီသည် စိတ်ကူး ရုပ်ပုံလွှာ တစ်ခု ဖြစ်သည်။ ဝေါလီသည် စိတ်ကူး ရုပ်ပုံလွှာ ဖြစ်သည်။ သီတာသည် စိတ်ကူး ရုပ်ပုံလွှာ ဖြစ်သည်။ အလားတူပင် အခြားသော ဇာတ်ဆောင်ပေါင်း များစွာ၊ အဖြစ်အပျက် များစွာတို့သည် စိတ်ကူး ရုပ်ပုံများဖြစ်ကြလေသည်။

**ရွှေပြည်တော် မျှော်တိုင်းဝေး** ဝတ္ထုကြီးသည် သမိုင်းနောက်ခံ ဝတ္ထုမျှသာမက အချစ်ဝတ္ထုလည်း ဖြစ်သည်။ စွန့်စားခန်း ဝတ္ထုလည်း ဖြစ်သည်။ လျှို့ဝှက်သည်းဖို ဝတ္ထုလည်း ဖြစ်သည်။ စစ်ဝတ္ထုလည်း ဖြစ်သည်။ လူမှုရေးဝတ္ထုလည်း ဖြစ်သည်။

စာရေးဆရာမ အမ် အမ် ကေးသည် အကောင်းအမွန်တွေကိုချည်းထိုဝတ္ထုထဲတွင် စုပြုံ ထည့်ထားသည်။ အကောင်းတွေချည်း စုနေလွန်းသဖြင့်ဘယ်အကောင်းကို အရသာ ခံရမည် မသိဘဲ ဖြစ်နေတတ်သည်။ စားကောင်းသောက်ဖွယ်တို့ ဟင်းလျာခွက်တွေ အများကြီး တည်ခင်းထားသည့် စားသောက်ပွဲကြီးတွင် မည်သည့်ဟင်းကို နှိုက်ရမည် မသိ၊ မည်သည့်ဟင်းကို အရသာခံရမည် မသိဘဲ ဖြစ်နေသကဲ့သို့ ရှိလေသည်။

အမ် အမ် ကေးသည် အိန္ဒိယပြည်တွင် မွေးသော အင်္ဂလိပ် အမျိုးသမီးဖြစ်ပြီး သူ့အဘိုး၊ အဖေ၊ အစ်ကိုနှင့် ခင်ပွန်းတို့သည် အိန္ဒိယတွင် အမှုထမ်းခဲ့ကြသူများ ဖြစ်သည်။ စုံထောက်ဝတ္ထုများ အပြင် **ကုန်သည်လေ၊ လစန္ဒာ၏ အရိပ်** နှင့် **ရွှေပြည်တော် မျှော်တိုင်းဝေး** စသည့် သမိုင်းနောက်ခံ ဝတ္ထုရှည်ကြီးများကို ရေးခဲ့သူ ဖြစ်သည်။

**ရွှေပြည်တော် မျှော်တိုင်းဝေး**ကို စာအုပ် အဖြစ် ထုတ်ဝေသည့် အခါတွင်မဂ္ဂဇင်းခန်းဆက် ထည့်စဉ်က ချန်လှပ်ခဲ့သော အပိုင်းများကို ပြန်၍ အပြည့်အစုံထည့်သွင်းထားပါသည်။

မူလက ဆိုက်ကြီး တစ်တွဲလျှင် စာမျက်နှာ ၆၀၀ ခန့်ဖြင့် သုံးတွဲထွက်ရန် စီစဉ်ခဲ့ကြသော်လည်း အကြောင်း အမျိုးမျိုးကြောင့် ဆိုက်သေး အတွဲရှစ်တွဲ ထုတ်ဝေရခြင်း ဖြစ်ပါသည်။

**ရွှေပြည်တော် မျှော်တိုင်းဝေး** ဝတ္ထုကြီး ပြန်ဆိုရာတွင် ကူညီခဲ့ကြသော ရေးဖော်များ၊ မိတ်ဆွေများကို လည်းကောင်း၊ သုံးနှစ်ကျော်တိုင်တိုင်ထည့်သွင်း ဖော်ပြပေးခဲ့သော စန္ဒာ မဂ္ဂဇင်းကို လည်းကောင်း၊ အမြန်ဆုံးထွက်နိုင်ရန် တတ်စွမ်းသမျှ ကြိုးပမ်းသော ဘဝတက္ကသိုလ် စာပေတိုက်ကိုလည်းကောင်း ကျေးဇူးတင်ရှိကြောင်း ဖော်ပြပါသည်။

မြသန်းတင့်
၁၈၊ ၈၊ ၁၉၈၆။